ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

လျှောက်လွှာခေါ်ယူခြင်း

၁၃၈၃ ခုနှစ် တော်သလင်းလဆုတ် ၁၀ ရက်

(၂၀၂၁ ခုနှစ် စက်တင်ဘာ လ ၃၀ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ်(၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရရှိသော အောက်ဖော်ပြပါ ရာထူးနေရာများ အတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | ခန့်ထားမည့်ဦးရေ | လိုအပ်သော အနိမ့်ဆုံး ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒု-ဦးစီးမှူး(စီမံ) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ကျား / မ | ကျား ၁၈ / မ ၁၃ | B.A(English)/ B.A(EPP)/ B.A(IR)/B.B.A/B.P.A/ B.Ecom(Stat)/B.C.Sc/ B.B.M/M.P.A/M.B.A/M.Dev.S/ (မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့ ရရှိသူ မည်သူမဆို လျှောက်ထားနိုင်ပါသည်။) |
| (ခ) | ဒု-ဦးစီးမှူး(ဥပဒေ) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၂ | L.L.B |
| (ဂ) | ဒု-ဦးစီးမှူး(ဥယျာဉ်) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၂ | B.Sc(Botany)/ B.Agr.Sc |
| (ဃ) | စာရင်းကိုင်(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ကျား / မ | ကျား ၄ / မ ၁၀ | B.Com/B.Act |
| (င) | အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ/ရေသန့်) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ကျား / မ | ကျား ၁၂ / မ ၁၂ | B.E(Civil)/ B.Arch |
| (စ) | အငယ်တန်းအင်ဂျင်နီယာ(၂)(လျှပ်စစ်) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၂ | B.E(EP) |
| (ဆ) | ပုံဆွဲ(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၈ | A.G.T.I (Civil)/ B.Tech (Civil)/ BE(Civil) |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၃၁.၁၀.၂၀၂၃ ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်သူ ဖြစ်ရမည် ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဂ) အမှတ်စဉ် ၁ (က) ရာထူးအလွှာအတွက် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အနိမ့်ဆုံး ပညာအရည်အချင်းသတ်မှတ်ချက်မှာ တက္ကသိုလ်မှ ဘွဲ့တစ်ခုခု ရရှိရမည်။ ဝန်ထမ်းလုပ်သက်အနည်းဆုံး(၃)နှစ်ရှိရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး မည်သည့်နေရာဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(င) အကျင့်စာရိတ္တ ကောင်းမွန်သူ ဖြစ်ရမည်။ လုပ်ငန်းသဘောသဘာဝအရ အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်သူအား ဦးစားပေး ရွေးချယ်မည်။

(စ) လျှောက်ထားသူ (၁)ဦးလျှင် ရာထူးအလွှာ တစ်မျိုးကိုသာ လျှောက်ထားရမည်။

(ဆ) ရွေးချယ်ခံရပါက အနည်းဆုံး(၃)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ကတိဝန်ခံချက် လက်မှတ်ရေးထိုးရမည်။

၃။ လျှောက်လွှာပုံစံကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ website ဖြစ်သော www.construction.gov.mm တွင် ဝင်ရောက်၍ Download ရယူနိုင်မည်ဖြစ်ပြီး လျှောက်လွှာတွင်ပါရှိသော အချက်များကို ပြည့်စုံစွာ ရေးသွင်းရမည်။ (လျှောက်လွှာရောင်းချခြင်း/ ထုတ်ပေးခြင်း မပြုပါ။)

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူမှန်

(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူမှန်၊ မှတ်ပုံတင်မိတ္တူမှန်နှင့် သန်းခေါင်စာရင်းမိတ္တူမှန် (မိတ္တူ(၃)ခု ပါ မွေးနေ့သက္ကရာဇ် တူညီရမည်။)

(ဂ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ(၆)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

(ဃ) ရက်သတ္တပတ် (၂)ပတ်အတွင်းရိုက်ကူးထားသော ၁"x၁.၂၅" ပတ်စ်ပို့ ဓာတ်ပုံ (၃)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရန်။)

(င) ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းကဒ်မိတ္တူမှန်နှင့် ဝန်ထမ်း မဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူမှန်တို့ ပူးတွဲပါရှိရမည်။

၅။ လျှောက်ထားသူသည် အောက်ဖော်ပြပါ ဘာသာရပ် (၃)ခုကို ဘာသာရပ်တစ်ခုလျှင် (၂)နာရီမေးခွန်းလွှာ ရေးဖြေစာမေးပွဲ ဖြေဆိုရမည်-

(က) မြန်မာစာ

(ခ) အင်္ဂလိပ်စာ

(ဂ) အထွေထွေဗဟုသုတ

၆။ ရေးဖြေစာမေးပွဲ ဖြေဆိုရမည့် အစီအစဉ်ကို သတင်းစာများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ website ဖြစ်သော www.construction.gov.mm တွင် ထပ်မံကြော်ငြာသွားပါမည်။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်ပါမည်။

၇။ လျှောက်လွှာများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ (၃၁.၁၀.၂၀၂၁)ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများနှင့် စာရွက်စာတမ်း မပြည့်စုံသော လျှောက်လွှာများအား လက်ခံစဉ်းစားမည် မဟုတ်ပါ။

၈။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့်သာ လျှောက်ထားရမည်။

၉။ ရေးဖြေအောင်မြင်ပြီး၍ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင် ပူးတွဲတင်ပြထားသည့် မိတ္တူမှန်များ၏ မူရင်းများကို တင်ပြရမည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၇၇၀၄၊ ၀၆၇-၃၄၀၇၃၁၇ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

စိစစ်ရွေးချယ်ရေးအဖွဲ့

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန